ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (19-8-2010) (၆၄၉၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိကြတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်

ဒေသခံပြည်သူများ မိမိနယ်မြေ၌ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဂုဏ်ပြုကြိုဆိုအားပေး

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များ ပြုလုပ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲတွင် မြတ်ပန်းဝတ်မှုံခန်းမ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၉-၈-၂၀၁၀

(ကြာသပတေးနေ့)

အထူးစီမံကိန်းများ မြန်ဆန်စွာပြီးစီးရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေ မြေ သဘာဝသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်ရာ သဘာဝအရင်းအမြစ်များဖြစ်တည်မှု အခြေအနေပေါ်မူတည်၍ စီမံကိန်း လုပ်ငန်းကြီးများ တည်ဆောက်နေသည်။ နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးအတွက် အခြေခံ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးနေသည်။ အထူးစီမံကိန်းများ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက်က နေပြည်တော်ရှိ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး စီမံကိန်းလုပ်ငန်းများ နှင့် စပ်လျဉ်း၍ မှာကြားလမ်းညွှန်ရာတွင် **"စီမံကိန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကြီး ပိုမိုစည်းလုံး ညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီမံကိန်းကြီးများကို အရှိန်အဟုန်မပျက် မြန်မြန်ပြီး စီးအောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို အောင်မြင်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း"** မှာကြားသည်။

ယနေ့ကာလတွင် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်။ အချို့ စီမံကိန်းများပြီးစီးနေပြီ။ ဆက်လက်အကောင်အထည်ဖော်နေဆဲ စီမံကိန်း များလည်းရှိသည်။ တိုးချဲ့တည်ဆောက်ဦးမည့် စီမံကိန်းလုပ်ငန်းများလည်း များစွာရှိသေးသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ကချင်ပြည်နယ်မှ တာလီရေလွှဲဆည်၊ မကွေးတိုင်း ချောက်မြို့နယ်မှ စာကြိုရေလှောင်တမံ၊ လားရှိုးမြို့နယ်မှ နမ့်ကျန်ရေလှောင်တမံ စီမံကိန်းတို့ကို အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ အလားတူ အမှတ်(၂)စက်မှုဝန်ကြီးဌာနက သာဂရစက်မှုနယ် မြေတွင် Hydraulic Press များ တိုးချဲ့ထုတ်လုပ်ရေး စီမံကိန်း၊ အလတ်စား ကုန်တင်မော်တော်ယာဉ်၊ အသေးစားလူစီးမော်တော်ယာဉ်များ ထုတ်လုပ် မည့်စီမံကိန်းများလည်းရှိသည်။

ထို့နည်းတူ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းများနှင့်တံတားများ ကိုလည်း တိုးချဲ့ဖောက်လုပ် တည်ဆောက်သွားဦးမည်။ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း၊ ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲစက်ရုံများ တိုးချဲ့တည်ဆောက်မည့် စီမံကိန်းများလည်းရှိသည်။ အလားတူ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနက ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ရန် စီစဉ် လျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ တည်ဆောက်အကောင်အထည်ဖော်နေဆဲ စီမံကိန်း လုပ်ငန်းကြီးများကို တွေ့မြင်နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသည်။ စီမံကိန်းလုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သကဲ့သို့ ရင်းနှီးမြှုပ်နှံရသည့် တန်ဖိုးပမာဏကြီးမားလှသည်။ တာဝန်ရှိသူ အသီးသီး တို့က လုပ်ငန်းများအရည်အသွေးမီ၊ စံချိန်စံညွှန်းမီ၊ အချိန်မီ တည်ဆောက် ပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါ သည်။ ။

ဂူရှူးအဖွဲ့ချုပ် ဒိုင်လူကြီး စာမေးပွဲဖြေဆိုရန် ပြည်ပသို့ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသန့် (မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်)နှင့် ဦးအောင်စည်သူ(မြန်မာနိုင်ငံ ဂူရှူး အဖွဲ့ချုပ်)တို့သည် ဩဂုတ် ၁၈ရက်မှ ၂၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပေကျင်း မြို့) အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီးစာမေးပွဲဖြေဆိုရန် ယမန်နေ့မွန်းလွဲ ၂နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ ဂူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၁၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ရပ်ကွက်နေပြည်သူများ တက် ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက လမ်း သစ်ဖွင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီ ဝင်တစ်ဦးကကျေးဇူးတင်စကားပြောကြား ကာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူ တို့သည် ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်း သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြ သည်။

ယင်းနောက် တိုင်းမှူးသည် အောင် မြေသာစံမြို့နယ် ရတနာပုံစံကျောင်း၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦး စွာ တာဝန်ရှိသူတို့က အင်ကြင်းပင်နှင့် ကံ့ကော်ပင်တို့ကို စတင်စိုက်ပျိုးပေးကြ သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ သည် အခမ်းအနားသို့ တက်ရောက်လာ ကြသူများ၏ စုပေါင်း သစ်ပင်စိုက်ပျိုး နေမှုများကို လှည့်လည်ကြည့်ရှုအားပေး ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု ဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် မန္တလေးတောင် သစ်စေ့ကြဲပွဲ အခမ်းအနားသို့ တက်ရောက်၍ သစ်စေ့ များကို ဘုရားရင်ပြင်တော်မှ ကြဲပက် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က တရုတ်စံကားပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက် ရောက်လာကြသူများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းမြင့်သည် ဩဂုတ် ၆ရက် နံနက်ပိုင်းတွင် ဒီမောဆိုမြို့နယ် ငွေတောင်စိုက်ကွင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက မိုးစပါးစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟိုဖိတ်ကျေးရွာရှိ တောင်သူများ၏ မိုးစပါးစိုက်ခင်းများနှင့် ရာသီသီးနှံစိုက်ခင်းများ ရေလုံလောက်စွာရရှိမှု အခြေအနေ၊ လွိုင်ကော်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ သင်ကြား၊ စီမံကိစ္စများ အခြေအနေ၊ စာသင် ဆောင်များ အခြေအနေနှင့် ပညာသင်ကြားနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ခုံကြီးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟ ဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငွေချည်(၆)ချည်မျှင်ရှည်ဝါ အထွက်နှုန်း တိုးမြှင့်ထွက်ရှိရေးနည်းပညာ ပို့ချဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာနက ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်းရှိ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန မြို့နယ်မန်နေဂျာများနှင့် ကွင်းတာဝန်ခံများအား နည်းပညာပို့ချဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ပြည်မြို့ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ခရိုင် ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝါနှင့်ပိုးချည်လုပ်ငန်း ဌာနမှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက ငွေချည် (၆)ချည်မျှင်ရှည်ဝါ အထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ရမည့် နည်းလမ်း များနှင့် ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြခင်က စနစ်တကျ သုတေသနပြု ထုတ်လုပ်ထားသည့် မျိုးဝါစေ့များ လေလွင့်မှု မရှိစေရေးကိုလည်းကောင်း၊ ဝါသုတေသနဌာန (လွန်ကျော်ခြံ)မှ ဒုတိယ ကြီးကြပ်ရေးမှူး ဒေါက်တာတင်မာမာဦး က ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ စိုက် ပျိုးမှု နည်းစနစ်များကိုလည်းကောင်း ပို့ချ ဆွေးနွေးကြသည်။

အထွေထွေမန်နေဂျာ ဦးမြင့်ဆွေနှင့် အဖွဲ့သည် ပဲခူးတိုင်း ဝါနှင့်ပိုးချည်လုပ်ငန်း ဌာန တိုင်းမန်နေဂျာ ဦးအောင်မြင့်စိုးနှင့် ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာများ လိုက်ပါလျက် ပြည်မြို့နယ် သစ်ချိုပင် ကျေးရွာအုပ်စု အိမ်ကုန်းကျေးရွာမှ ဝါစိုက် တောင်သူများ၊ အနီးဝန်းကျင်ကျေးရွာများ မှ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ငွေ ချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးနည်း စနစ်များ၊ စိုက်ပျိုးရာတွင် လိုအပ်မည့် ဓာတ်မြေဩဇာနှင့် သွင်းအားစုလိုအပ်မှု အကူအညီပေးမည့် အစီအစဉ်များကို ဆွေးနွေးကြရာ ဝါစိုက်တောင်သူများ၏ စိတ်ပါဝင်စားစွာ မေးမြန်း ဆွေးနွေးမှုများ ကို အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒလမြို့နယ် စက်မြေရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ လျော့နည်း ကျဆင်းရန်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော် ခြင်း၊ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၄ရက်က ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ICT-Laboratory ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) MCPA Laboratory ကို ဩဂုတ် ၂၁ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၁)ရှိ Laboratory ၌ ဖွင့်လှစ်မည်ဖြစ်သည်။

MCPA Laboratory သည် MCPA အသင်းသားများ၏ နည်းပညာဆိုင်ရာ လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် "Practical on Network Cabling and Wireless Network Installation, Configuration" လက်တွေ့သင်ခန်းစာများကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှု ဆောင်များဖြစ်သော ဦးအောင်စိုးမိုး၊ ဦးအောင်ဇော်မြင့်၊ ဦးဇော်ဝင်းထွန်းနှင့် ဦးရဲကျော်သိန်းတို့က ဩဂုတ် ၂၁ ရက်နှင့် ၂၂ရက်တို့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို (အခမဲ့)တက်ရောက်လေ့ကျင့်နိုင်ပြီး ဩဂုတ် ၂၀ ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

❏ ကျောဖုံးမှ

(ခ) ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(ဂ) အပိုဒ်ခွဲ(က)နှင့် (ခ)ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ။

၅။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လိုပါက ခွင့်ပြုချက် လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာကော်မရှင်အဖွဲ့များသို့ ကြိုတင်၍ အသိပေးတင်ပြရန်ဖြစ်သည်။

၆။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၄ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၇။ **လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ။** ခွင့်ပြုမိန့်လျှောက်ထားရာတွင် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးခြင်းနှင့် ဟောပြောခြင်း များကို တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြလျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြရမည်-

(က) ပြုလုပ်လိုသည့်နေရာ၊

(ခ) ပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန် (ခန့်မှန်း)၊

(ဃ) တက်ရောက်မည့်အင်အား (ခန့်မှန်း)၊

(င) ဟောပြောမည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

၈။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် အထက်အပိုဒ် ၄၊ ၆ နှင့် ၇ တို့အရ ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်-

(၁) ခွင့်ပြုသည့်နေ့ရက်နှင့် နေရာ၊

(၂) စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် သတ်မှတ်သည့်နေရာသို့ အလံများကိုင်ဆောင်၍ လည်းကောင်း၊ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုရ ဟူ၍ လည်းကောင်း၊ စုဝေးခြင်းနှင့် ဟောပြောခြင်းပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုဘဲ လူစုခွဲရမည်ဟူ၍ လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်။

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ် နိုင်သည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစုလူဝေးရှိသည့်နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများပြုလုပ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့် ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်း ပြုလုပ်ရန်ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်းမပြုရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများပိတ်ဆို့ခြင်းမပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် (Sound Box)ကို ခွင့်ပြုသည့် အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသောစည်းကမ်းချက်များ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် ဟောပြောခြင်း စတင်ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈ နာရီ ကြိုတင်ထုတ်ပေးရမည်၊ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုး အကြောင်း ဖော်ပြလျက် စုဝေးခြင်းနှင့် ဟောပြောခြင်း စတင်ပြုလုပ်မည့်အချိန်မတိုင်မီ ၄၈ နာရီ ကြိုတင်အကြောင်းကြားရမည်။

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကိုထောက်ရှု၍ လိုအပ် ပါက ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများ ပြည်သူတို့နှင့် သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ထားရမည်။

(ဇ) စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်း မပြု နိုင်စေရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေး ရမည်။

ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်

၉။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်း စာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ၁၇-၃-၂၀၁၀ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၄၂)ပါ စည်းကမ်း ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

တားမြစ်ချက်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးခြင်း၊ ဟောပြော ခြင်းနှင့် ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမပြုရ-

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့်ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက် စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ် ထုတ်ဝေခြင်း။

၁၁။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို စုဝေးဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေများ၊ ဤကြေညာချက်ပါ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များနှင့် စည်းကမ်းချက် များကို မဆန့်ကျင်စေရ။

၁၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ဤကြေညာချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါသတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေအရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

၁၃။ သို့ဖြစ်၍ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့လွှတ်တော်ကိုယ်စားလှယ်လောင်းအနိုင်ရရှိရန် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းများကို ပြုလုပ်ကြရာ၌ ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၇။ အဆိုပြိုင်ပွဲ
၈း၁၀ ၈။ “လက်ပန်လှတံတား”
၈း၂၀ ၉။ အကပဒေသာ
၈း၃၀ ၁၀။ “လက်တွေ့ပြချင်လို့”
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် ဇွဲကပင်ယူနိုက်တက် F.Cနှင့် Southern Myanmar F.C
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၄၀ ၆။ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ “ချစ်သူကော်ဖီ”(အပိုင်း-၁၉) (ငြိမ်းချမ်း၊ နန်းဆုရတီစိုး၊ ဇော်ဇော်အောင်၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဆူးလွှမ်းသောချစ်နှင်းဆီ” (ဒုတိယတွဲ)(အပိုင်း-၂၆)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ သွေး(အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (အပိုင်း-၁၃)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ” (အပိုင်း-၇၀)**
၁၈။ အစီအစဉ်ပြီး၏။

ပုဂ္ဂလိက လုံခြုံရေး ကုမ္ပဏီများကို ပိတ်ရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း ညွှန်ကြား

ကဘူး ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ပုဂ္ဂလိက လုံခြုံရေး ကုမ္ပဏီများကို လေးလအတွင်း ပိတ်ရန် သမ္မတ ဟာမစ်ကာဇိုင်းက ညွှန်ကြားထားကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကန့်ကွက်လာမည်

အာဖဂန်နစ္စတန်နိုင်ငံတွင် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများကို ပိတ်သိမ်းရန် သမ္မတ၏ ဆုံးဖြတ်ချက်ကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တာဝန်ရှိသူများက ကန့်ကွက်လာကြမည်ဟု မျှော်လင့်ရသည်။ နေတိုးတပ်ဖွဲ့သည် မော်တော်ယာဉ်တန်းများကို စောင့်ရှောက်ပေးရန် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများအပေါ် မှီခိုအားထားနေရသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ပုဂ္ဂလိက လုံခြုံရေး ကုမ္ပဏီများသည် ဒေသဆိုင်ရာ ဥပဒေများအား လေးစားလိုက်နာမှု နည်းပါးနေသည်ဟု တိုင်တန်းမှုများ ပေါ်ထွက်ခဲ့သည်။

ဝေဖန်

အာဖဂန်နစ္စတန်နိုင်ငံတွင် ကန်ထရိုက်စာချုပ်များဖြင့် လုပ်ကိုင်နေသော ပုဂ္ဂလိက လုံခြုံရေး ကုမ္ပဏီများကို လေးလအတွင်း ပိတ်ပင်ရန် သမ္မတဟာမစ်ကာဇိုင်းက ဆုံးဖြတ်ခဲ့ခြင်းသည် လက်တွေ့မကျဟု အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်ဝှိုက်မင်းက ဝေဖန်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေး အခြေအနေ တိုးတက်ကောင်းမွန်လာပါက ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများ၏ အခန်းကဏ္ဍမှာ လျော့နည်းသွားမည်သာ ဖြစ်ကြောင်း၊ ယခုအချိန်တွင် ယင်းကုမ္ပဏီများ၏ ကန်ထရိုက်လုပ်ငန်းများကို ရပ်တန့်စေခြင်းမှာ စောလွန်းနေသေးကြောင်း ဝှိုက်မင်းက ပြောကြားသည်။

ပစ်ခတ်လေ့ရှိ

နေတိုး ထောက်ပို့မော်တော်ယာဉ်တန်းများအား လိုက်ပါစောင့်ကြပ်ပေးသော ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီများမှ ဝန်ထမ်းများသည် ရံဖန်ရံခါတွင် ရန်စလှုံ့ဆော်ခြင်း မရှိသည့် အရပ်သူ၊ အရပ်သားများကို ပစ်ခတ်လေ့ရှိကြောင်း တိုင်တန်းမှုများ ပေါ်ထွက်ခဲ့သည်။

အင်တာနက်။

အာဖဂန်နစ္စတန်တွင် မော်တော်ဆိုင်ကယ်ဗုံး ပေါက်ကွဲ၍ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရ

ဂါဇာနီ ဩဂုတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဂါဇာနီပြည်နယ်၊ ဂါဇာနီမြို့တွင် အင်္ဂါနေ့က မော်တော်ဆိုင်ကယ်တစ်စီး၌ ဗုံးထောင်ကာ ဖောက်ခွဲမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားသည်ဟု သက်ဆိုင်ရာက ပြောကြားသည်။

အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်တွင် တပ်ဆင်ထားသောဗုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့ရာ အရပ်သားနှစ်ဦး သေဆုံးကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားခုနစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်တောင်ပိုင်း ဇာဘူးလ်ပြည်နယ်၌ တာလီဘန်များ အကြမ်းဖက်တိုက်ခိုက်

ပြည်နယ်တာဝန်ရှိသူတစ်ဦးနှင့် ၎င်း၏ဇနီးတို့ သေဆုံး

ကဘူး ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၊ ဇာဘူးလ်ပြည်နယ်၌ ပြည်နယ်တာဝန်ရှိသူတစ်ဦးနှင့် ၎င်း၏ဇနီးတို့သည် အိမ်တွင်းသို့ တာလီဘန်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း အာဖဂန်တာဝန်ရှိသူများက ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် အာဖဂန်အစိုးရအဖွဲ့၊ နိုင်ငံတကာတပ်ဖွဲ့များနှင့် နီးစပ်သူများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းတစ်ရပ်ဖြစ်ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အင်္ဂါနေ့ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ ဇာဘူးလ်ပြည်နယ် နယ်စပ်နှင့် လူမျိုးစုရေးရာ ညွှန်ကြားရေးမှူးနှင့် ၎င်း၏ ဇနီးဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ တာလီဘန် ခြေကုပ်စခန်းများကို အာဖဂန်နှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်နွှဲလျက်ရှိစဉ် အကြမ်းဖက်တိုက်ခိုက်မှုများလည်း ပိုမိုဖြစ်ပွားလျက်ရှိကြောင်း သတင်းများ၏ အဆိုအရ သိရသည်။

အင်တာနက်။

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ဘာကူဘာ ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဩဂုတ် ၁၈ ရက်က မျက်နှာဖုံးစွပ်လက်နက်ကိုင်များ၏ ပစ်ခတ်မှုကြောင့် လယ်သမားသုံးဦးသေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သူများကို သတိပေးထားသည့် စာများအား အဆိုပါ လယ်သမားသုံးဦး၏ ကိုယ်ပေါ်တွင် ထားရစ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါများဟု ယူဆရသော မျက်နှာဖုံးစွပ်လက်နက်ကိုင် ၁၀ ဦးခန့်သည် ဒီယာလာပြည်နယ် ရာဘီယာကျေးရွာရှိ ရှိုးယိုက်လယ်သမားသုံးဦး၏ နေအိမ်များကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။

သေဆုံးသူသုံးဦးသည် အမေရိကန်တပ်ဖွဲ့များနှင့်သော်လည်းကောင်း၊ အီရတ်တပ်ဖွဲ့များဖြင့်သော်လည်းကောင်း ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း၊ လယ်ယာလုပ်ငန်း၌သာ တစိုက်မတ်မတ်လုပ်ကိုင်ကြသော လယ်သမားများသာ ဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ရုရှားလက်နက်များ အာဖဂန်နစ္စတန် ဝယ်ယူလို

မော်စကို ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံသည် ရုရှားနိုင်ငံထံမှ ခေတ်မီလက်နက်များကို ဝယ်ယူရန် ရည်ရွယ်ထားကြောင်း ရုရှားနိုင်ငံဆိုင်ရာ အာဖဂန်ကောင်စစ်ဝန်ချုပ်က ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ပိုင်စိုးမှုကို ကာကွယ်ထိန်းသိမ်းရန် အာဖဂန်နစ္စတန်အနေဖြင့် အင်အားတောင့်တင်းသော အမျိုးသားတပ်မတော်တစ်ရပ်ကို လိုအပ်နေကြောင်း ရုရှားနိုင်ငံဆိုင်ရာ အာဖဂန်ကောင်စစ်ဝန်ချုပ်က ပြောကြားသည်။

အာဖဂန်နစ္စတန်သည် ၎င်း၏လိုအပ်ချက်အဝဝကို ဖြည့်ဆည်းနိုင်ရေးအတွက် မည်သည့်နိုင်ငံနှင့်မဆို လွတ်လပ်စွာ ဆက်ဆံပိုင်ခွင့်ရှိကြောင်း အာဖဂန်ကောင်စစ်ဝန်ချုပ်ကဆိုသည်။

သို့ရာတွင် ရုရှားနိုင်ငံတောင်ပိုင်း ဆိုချီမြို့၌ ရုရှားသမ္မတနှင့် အာဖဂန်သမ္မတတို့တွေ့ဆုံဆွေးနွေးရာတွင် လက်နက်ရောင်းချရေးနှင့် စပ်လျဉ်း၍ သဘောတူညီချက်များပြုလုပ်နိုင်ဖွယ် မရှိသေးကြောင်း နိုင်ငံတကာသံတမန် အသိုက်အဝန်းကသုံးသပ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ် အီရတ်လုံခြုံရေးတပ်ဖွဲ့များဖြစ်လာ

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များမထွက်ခွာမီ အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာကြောင်း ဩဂုတ် ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းသို့လုပ်ဆောင်လာခြင်းသည် စစ်သွေးကြွများက အီရတ် လုံခြုံရေးတပ်ဖွဲ့များ၏ အစွမ်းအစကို စမ်းသပ်သည့်အနေဖြင့် သွေးတိုးစမ်းလုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဆိုသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အီရတ်လုံခြုံရေးတပ်ဖွဲ့တပ်သားသစ်စုဆောင်းရေးဌာန၌ ဩဂုတ် ၁၇ ရက်တွင် ဖြစ်ပွားခဲ့သော အသေခံဗုံးဖောက်ခွဲမှု မြင်ကွင်း။

ဩဂုတ် ၁၇ ရက်က ဖြစ်ပွားသော လူ ၆၁ ဦး သေဆုံးခဲ့ရသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်လုံခြုံရေးတပ်ဖွဲ့၏ တပ်သားသစ် စုဆောင်းရေးဌာနကို ပစ်မှတ်ထား လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး ပြီးခဲ့သည့်လများအတွင်းကလည်း စစ်သွေးကြွများသည် ဘဂ္ဂဒက်ပတ်ဝန်းကျင်နှင့် ဘဂ္ဂဒက်မြို့အတွင်းရှိ ရဲတပ်ဖွဲ့စခန်းများကို အဓိကထားတိုက်ခိုက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အီရတ်လုံခြုံရေးတပ်ဖွဲ့များကိုအဓိကထားတိုက်ခိုက်နေခြင်းသည် စစ်သွေးကြွများအနေဖြင့် အီရတ်အုပ်ချုပ်ရေးအာဏာ၏ အဓိကဝင်ရိုးများကို ပစ်မှတ်အဖြစ်ထားရှိသည်ကို ဖော်ပြနေကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက သတင်းဌာနတစ်ခုသို့ ပြောကြားသည်။

ဩဂုတ် ၁၄ ရက်ကလည်း သေနတ်သမားများက ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယာဉ်ကိုမီးတင်ရှို့ခဲ့ကြသည်။ အဆိုပါ ဖြစ်စဉ်အတွင်း အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၁၈

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၁၈ရက်အထိသေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၈၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၇၁၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၀၈၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၇၁၁ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၈

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၂၉၈၅ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၁၇၂၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၉၈၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၁၇၂၃ ဦး

အင်တာနက်။

ဝန်ကြီး ဦးသိန်းညွန့် မြောင်းမြနှင့် ပန်းတနော်မြို့နယ် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲများ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြှင့်တင်

အဆိုပါ မဒေါ့ပင်ကျေးရွာအဝင် ကျေးလက် ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ပေ ၅၀၀၀၊ အကျယ်ရှစ်ပေရှိပြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းသည် ယခင်မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီအတွင်းခက်ခဲစွာ သွားလာခဲ့ရာမှ ယခုကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် ကြာဖူးငုံ၊ လက်ပန်၊ ခနုံးချောင်း၊ ကျုံဝါး၊ မဒေါ့ပင်၊ သပြေချောင်၊ ကံကြီးကျေးရွာများနေ ကျေးလက်ပြည်သူအတွက် မြောင်းမြ - ရန်ကုန်ကားလမ်းမကြီးသို့ ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်သဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအခြေအနေများ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

တက်ရောက်အားပေး

ထို့နောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ပန်းတနော်မြို့နယ် ကျုံပတော-အစုကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

အဆိုပါ ကျုံပတော-အစုကြီး ကျေးလက် ကျောက်ချောလမ်းသည် လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၀ ပေရှိပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ အဆိုပါလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ကျုံပတော၊ အစုကြီးကျေးရွာမှ ပန်းတနော်-ဝါးခယ်မကားလမ်းသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့်အပြင် ပန်းတနော်မြို့နယ် ဇရပ်လှကြီးကျေးရွာအုပ်စု၊ ကျုံတိုင်းကလေးကျေးရွာအုပ်စု၊ ခတ္တိယ အထက်ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၆ ရွာနေ ကျေးလက်ပြည်သူများအတွက်ပါ ရန်ကုန်၊ ပုသိမ်၊ ပန်းတနော်မြို့များသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်အားပေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပန်းတနော်မြို့နယ် ကျုံပတော-အစုကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဦးသိန်းဇော် တက်ရောက်ဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တာဝန်ရှိသူများက ဆက်လက် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အမျိုးအစားအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့၌ တပ်ဆင်ဆောင်ရွက်သွားမည့် (FTTH) FIBER TO THE HOME နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက လုပ်ငန်းတစ်ခုချင်းအလိုက် စနစ်တကျတိုးချဲ့ဆောင်ရွက်သွားရန်နှင့် မြို့ပေါ်မှ ကျေးလက်ဒေသအထိ အရည်အသွေးပြည့်မီစွာဖြင့် ဈေးနှုန်းချိုသာစွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ ရတနာပုံတယ်လီပို့ (ရန်ကုန်ရုံးခွဲ)၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ဟံသာဝတီအော်တိုအိတ်ချိန်း၌ အသစ်တိုးချဲ့တပ်ဆင်ထားသည့် IP TRANSIT အိတ်ချိန်းနှင့် ဟံသာဝတီအော်တိုအိတ်ချိန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်အောင် အထူးဂရုပြုဆက်သွယ်ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တံတားလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြီးကြပ်

ဆီဆိုင် ဩဂုတ် ၁၈

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတံတားဖြစ်သော ပိတောက်လမ်း ကွန်ကရစ်တံတားနှင့် ဇလပ်လမ်း ကျောက်ရိုးစီသစ်သားတံတားနှစ်စင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၁ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းမင်းက ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခွန်ဝင်းမင်းထွဋ်က ရှင်းလင်းတင်ပြကြောင်းသိရှိရသည်။

(မြို့နယ်စည်ပင်)

စက်တင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

အလက(၄) ရန်ကင်း ကျောင်းသား၊ ကျောင်းသူလေးများ၏ "ရွှတ်ဖတ်ပူဇော်ဒေသနာတော်" မျက်နှာဖုံး ဓာတ်ပုံနှင့် အတူ ကိုကိုခန့်ချော(ကသာမြေ)၊ မောင်လူဝေးတို့၏ကဗျာများ၊ ရွှေကိုဦး၊ လွမ်းမောင် (သုဝဏ္ဏ)၊ သိက္ခာ၊ အောင်အောင်ထွေး၊ မြေဇာ၊ ကျော်ထွဏ်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ အေးမြဆွေ(သတ္တဗေဒ) ၏ ပုံပြင်ရှည်၊ Waddi Oo ၏ "English For Tayza" ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ "အဖြေညီစရာ ပဟေဠိပါ"၊ ကလေးတို့၏အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် တတိယဆုရ ကျောင်းသားလေး မောင်ထက်မြတ်နိုင်၏ ဆုရစာစီစာကုံးပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) (၃၂) လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၁၈)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မစ္စစ် ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်အား နော်ဝေးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နော်ဝေးနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စစ် ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ်ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်သည် ၁၉၆၂ ခုနှစ် မေ ၁၅ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပြည်သူ့ရေးရာဥပဒေဘွဲ့နှင့် ၁၉၈၇ ခုနှစ်တွင် စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုမဟာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၈ ခုနှစ်တွင် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံတို့ရှိ နော်ဝေးသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီ၌ အလုပ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

မစ္စစ် ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေးသုံးဦးရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ အမျိုးသား စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ အားကစားနှင့် ပညာရေး ပေါင်းစပ်မှု ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားအသင်းများ၏ ပထမနေ့ပွဲစဉ်များ စတင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များမှအသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း မီးဘေးကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၇ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များ၊ ဈေးသူ၊ ဈေးသားများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း မကွေးစက်မှုနယ်မြေ၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မကွေးစက်မှုနယ်မြေသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် Chassy Assembly Conveyor Pit, Brake Testing Pit, Rectification Pit, Chassy Touch- up Pit, Inspection Pit, Under Body Pit, Load Body Touch-up Pit ဆောင်ရွက်နေမှုအခြေအနေများ၊ Transmission Plant ၌ စက်များရောက်ရှိတပ်ဆင်နေမှုများနှင့် စက်မှုသင်တန်းကျောင်း (မကွေး)၏တည်ဆောက်ပြီးစီး တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက သတ်မှတ်ကာလတွင် အမြန်ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှာကြားပြီး စက်ပစ္စည်းများရောက်ရှိမှု၊ တပ်ဆင်နိုင်ရန်ဆောင်ရွက်နေမှုနှင့် စက်မှုသင်တန်းကျောင်း(မကွေး) တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၂)

ဝန်ကြီး ဦးလွန်းသိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်(သန်လျင်-၁) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသိသည် ဩဂုတ်၁၇ရက် နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၁၈) (သန်လျင်-၁) သို့ ရောက်ရှိပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုနှင့် (CNG) ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ (CNG) နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် CNGအရောင်းဆိုင်အတွင်း Compressor များဖြင့် သဘာဝဓာတ်ငွေ့ဖိအားမြှင့်တင်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဖိအား ပြည့်မီအောင် ဂရုတစိုက်ဖြည့်ဆည်းပေးရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ဝန်ထမ်းများအရည်အသွေး ပြည့်မီတိုးတက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်သဘာဝဓာတ်ငွေ့လာရောက်ဝယ်ယူဖြည့်သွင်းကြသည့် မော်တော်ယာဉ်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး မော်တော်ယာဉ်များတွင် ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်၍ စက်ရုံအရာထမ်း/ဌာနမှူးကြီးများနှင့် တွေ့ဆုံကာ စက်ရုံစက်စွမ်းအားပြည့် လည်ပတ်ရေး ဝန်ထမ်းအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ သန်လျင်မြို့ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၁၈) (သန်လျင်-၁)၌ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၁၈

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း YPGG ရန်ကုန်၏ (၃၆)ကြိမ်မြောက် တတိယနှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ပန်းလှိုင်ဂေါက်ကွင်း (လှိုင်သာယာ) တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် နိုးဆော်ထားသည်။ ဦးချစ် ဖုန်း- ၀၉၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း- ၀၉၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း- ၀၉၅၀၁၆၆၁၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ကချင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးအင်ဇော်နော်နှင့် ကချင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက် မွန်းလွဲ၁နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ဦးအင်ဇော်နော်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ အတွင်းရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ အတွင်းရေးမှူး ဦးကံဝင်းကပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးစုမဲဆန္ဒနယ် လျာထားသတ်မှတ်မှုများကိုလည်းကောင်းရှင်းလင်းကြသည်။ ဆက်လက်၍ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲစာရင်းပြုစုထားရှိမှု၊ မဲရုံဆောင်ရွက်မည့်နေရာနှင့် မဲပုံးလျာထားသတ်မှတ်မှု အခြေအနေများကို လည်းကောင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ ပူနေးမြို့၌ ကျင်းပမည့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ မင်းနိုင်ဦးဆောင်၍ မြန်မာ့လက်ရွေးစင်အားကစားသမားများဖြစ်ကြသော ကျော်ဦးနှင့် လှသွေးအေးတို့ ဩဂုတ်၁၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မထွက်ခွာမီတွေ့ရစဉ်။

(မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

ဓမ္မရောင်ခြည် သတ္တမအကြိမ် စုပေါင်းသွေးလှူမည်

ရန်ကုန် ဩဂုတ် ၁၈

သိမ်ကြီးဈေး စီရုံ အဆောင်(၄) ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း (ပင်မ)က ဦးစီး၍ စုပေါင်းသွေးလှူဒါန်းခဲ့ရာ ဆဋ္ဌမအကြိမ်ထိ သွေးအိတ်ပေါင်း ၆၁၈ အိတ် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ယခု သတ္တမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်သည်။ သွေးလှူဒါန်းလိုသူများနှင့် အရေးပေါ်သွေးလှူဒါန်းလိုသူများ ဓမ္မရောင်ခြည် (ပင်မ) ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၅၀၁၅၄၄၆နှင့် ၀၉-၈၀၃၀၁၃၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသော တရားတော်"
၆း၅၀	ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၂)**
၈း၃၅	7 Golden Girls Live Show အကြိုပြင်ဆင်နေမှုများ
၈း၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်"
၉း၁၅	Activities In the City (Asia Winner Industrial Ltd. နှင့် Incepta Pharmaceutical Ltd. တို့၏ ဆေးမိတ်ဆက်ပွဲ)
၉း၂၀	အယသမင်္ဂီတို့ဖြစ်တည်ရာ. . .
၉း၃၀	Science For All (TITANIC ကပေးခဲ့တဲ့နည်းပညာဆိုင်ရာသင်ခန်းစာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၁၀း၀၀	သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
၁၀း၁၀	ဂီတသရုပ်ပြခန်း (တေးသံရှင်စိုးပိုင်-စိတ်နဲ့စိမ်းတယ်လို့မှတ်မှာလား)
၁၀း၃၅	Activities In the City (MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ)
၁၀း၅၅	The Champion of Dance
၁၁း၂၅	ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီဂီမြင့်၊ မေကဗျာ)
၁၂း၀၅	ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတုနှင့်တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း၏ (၁၅)ကြိမ်မြောက်မိတ်ဆုံဂုဏ်ပြုပွဲ]
၁၂း၁၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂း၄၅	အံ့မခန်းမြန်မာ့ပန်းပုပညာရှင် ရွှေကူတံကဲတော်ကြီး
၁း၀၀	"အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသော တရားတော်"
၂း၀၀	MRTV-4 သတင်း
၂း၄၅	2010 Summer Youth Olympics
၃း၂၀	စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၂)**
၄း၀၅	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၄း၄၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး)
၄း၅၀	Activities In the City (Asia Winner Industrial Ltd. နှင့် Incepta Pharmaceutical Ltd. တို့၏ ဆေးမိတ်ဆက်ပွဲ)
၅း၀၅	မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီကြိုတင်ပြင်ဆင်မှုများနှင့် Southern Myanmar F.C
၅း၃၅	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဘဝများ (ဝဏ္ဏခွါနီး)
၆း၅၀	Shooting Making (ချစ်လိုက်ရတာလက်ကုန်ပဲ)
၇း၀၀	2010 Summer Youth Olympics
၇း၃၀	ဈေးဝယ်လမ်းညွှန် (စိန်နန်းတော် Jewellery Center)
၇း၄၅	7 Golden Girls Live Show အကြိုပြင်ဆင်နေမှုများ
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (တေးသံရှင်စိုးပိုင်-စိတ်နဲ့စိမ်းတယ်လို့မှတ်မှာလား)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၂)**
၁၀း၀၀	The Champion of Dance
၁၀း၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်"
၁၀း၅၅	ဈေးဝယ်လမ်းညွှန် (စိန်နန်းတော် Jewellery Center)
၁၁း၁၀	Sports World.
၁၁း၃၅	Shooting Making (ချစ်လိုက်ရတာလက်ကုန်ပဲ)
၁၁း၄၅	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၁း၅၅	ဆီးချိုသွေးချိုကာကွယ်ပါ (အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၂း၂၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တောသစ်ပင် ဒို့ချစ်ခင်

ဒီကေဘီအေ အစည်းအရုံးသည် ပြည်သူ့ရင်ခွင်ကို ခိုလှုံရန် ရောက်ရှိလာသော ငြိမ်းချမ်းရေးအဖွဲ့ကြီးဖြစ်

❖ ရှေ့ဖုံးမှ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒီကေဘီအေမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအက အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

သစ္စာအဓိဋ္ဌာန်ရွတ်ဆို

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်သည်။ ထို့နောက် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသို့တက်ရောက်လာကြသည့် လူထုပရိသတ်များ၊ တိုင်းရင်းသားညီအစ်ကိုများ၊ ကရင်ပြည်နယ်သူ၊ပြည်နယ်သားများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝပြီး ရွှင်လန်းချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

လက်တွဲဆောင်ရွက်

မိမိတို့၏ ဒီကေဘီအေ အစည်းအရုံးသည် နိုင်ငံတော်၏လိုအပ်ချက်၊ အစိုးရ၏ ဖိတ်ခေါ်ချက်၊ ပြည်နယ်သူ၊ ပြည်နယ်သားအပေါင်း၏ ချစ်ခင်ရင်းနှီးမှုနှင့်အတူ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပြည်သူ့ရင်ခွင်ကို ခိုလှုံရန် ရောက်ရှိလာသော ငြိမ်းချမ်းရေးအဖွဲ့ကြီးဖြစ်ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ ပြည်သူလူထု၏ လက်ကမ်းကြိုဆိုမှုများကြောင့် ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း ငြိမ်းချမ်းရေးအဖွဲ့ကြီး (၁၇) ဖွဲ့နှင့် အဖွဲ့ငယ်များစွာတို့သည် ငြိမ်းချမ်းရေးရယူပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲ၍ဆောင်ရွက်လျက်ရှိပါကြောင်း။

အားကြိုးမာန်တက်

မိမိတို့၏ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံးတပ်ဖွဲ့ဝင်များသည် ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျရာအခန်းကဏ္ဍကနေပြီး အားကြိုးမာန်တက် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

မိမိတို့ ဒီကေဘီအေအစည်းအရုံးသည် စတင်ဖွဲ့စည်းစဉ်ကတည်းက သန္ဓေကောင်းသောအဖွဲ့တစ်ဖွဲ့ ဖြစ်ပါကြောင်း၊ မြိုင်ကြီးငူဆရာတော် ဦးသုဇန၏ ဩဝါဒ၊ နိုင်ငံတော်၏ နွေးထွေးစွာကြိုဆိုမှုနှင့်ထောက်ပံ့မှုများကြောင့် ဒီကေဘီအေမိသားစုများ အပါအဝင် ဒေသနေတိုင်းရင်းသားများသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ရာထူးအဆင့် တံဆိပ်တပ်ဆင်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။

(သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြစဉ်။

(သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။(*အပေါ်ပုံနှင့် အပေါ်ယာပုံ*)

(သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ ပြည်သူလူထု၏ လက်ကမ်းကြိုဆိုမှုများကြောင့် ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း ငြိမ်းချမ်းရေးအဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာတို့သည် ငြိမ်းချမ်းရေးရယူပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲ၍ဆောင်ရွက်လျက်ရှိ။

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ဒီကေဘီအေတပ်ဖွဲ့ဝင်

နယ်စပ်ဒေသများ ကာကွယ်စောင့်ရှောက်ရေးအတွက် စေတနာ၊ မေတ္တာတရားတို့ဖြင့် ရဲဘော်ရဲဘက်စိတ်ထားရှိပြီး

တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် နယ်ခြားစောင့်တပ်များအဖြစ် ဖွဲ့စည်းပေးခဲ့သည်ကို အထူးကျေ

▲ စာမျက်နှာ ၇ မှ

လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့တွင် တိုးတက်အောင်မြင်မှု အသီးအပွင့်များကို ရရှိခံစားနေကြပြီ ဖြစ်ပါကြောင်း။

မိမိတို့ ဒီကေဘီအေ အနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေကြသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်ကလည်း ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ ပြုလုပ်ပေးခဲ့ပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးကျောင်းများ အပါအဝင် ပညာရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခဲ့သကဲ့သို့ ပေ ၁၈၀ အထက် တံတား ၁၆ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၂၇၄ စင်းကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ ကတ္တရာလမ်း ၁၄၄ မိုင်အပါအဝင် ကားလမ်း ၂၇၁ မိုင်ကို တိုးတက်ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ စာကြည့်တိုက် ၁၅၀၀ ခန့်ကိုလည်း ပြည်နယ်သူ၊ ပြည်နယ်သားများ အသိအလိမ္မာတိုးတက်ရန်အတွက် တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဤသို့ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲ၍ မိမိတို့ ဒီကေဘီအေတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်နေကြသည်ကို မနာလိုမရှုဆိတ်သည့် ကိုလိုနီနယ်ချဲ့ လက်သစ်များနှင့် ပြည်တွင်းပြည်ပက ပုဆိန်ရိုးများသည် မိမိတို့စည်းလုံးညီညွတ်မှုကို အမျိုးမျိုး သပ်လျှိုသွေးခွဲ လုပ်နေကြပါကြောင်း။

ဘီဘီစီက ညာနေပါကြောင်း၊ ဗွီအိုအေက လိမ်နေပါကြောင်း၊ အာရ်အက်ဖ်အေက ရန်တိုက်ပေးနေပါကြောင်း၊ ဒီဗွီဘီက မြှောက်ထိုးပင့်ကော် လုပ်နေကြပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ရာတွင် အထူးသဖြင့် နယ်စပ်ကို အကာအကွယ်ယူပြီး အဖျက်လုပ်ငန်းများဖြင့် လုပ်ဆောင်နေသည့်အတွက် မိမိတို့ ကရင်ပြည်နယ် အနေဖြင့် များစွာ နစ်နာခဲ့ရပါကြောင်း၊ ထို့ကြောင့် နယ်စပ်တစ်လျှောက် လုံခြုံမှုနှင့် ငြိမ်းချမ်းရေး ရရှိမှုသည် အထူးလိုအပ်ပါကြောင်း၊ ကရင်ပြည်နယ်၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်နယ်သားဖြစ်သည့် မိမိတို့ အားလုံးအပေါ်တွင် လုံးဝတည်မှီနေပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကသော့ချက်သည် ငြိမ်းချမ်းရေးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုသာ နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ ဒီကေဘီအေ အစည်းအရုံးသည် ယခင်က ယာယီငြိမ်းချမ်းရေးအဖြစ်သာ တာဝန်ထမ်းဆောင်ခွင့် ရခဲ့သော်လည်း ယခုအချိန်တွင် ထာဝရငြိမ်းချမ်းရေးရရှိပြီး နယ်ခြားဒေသလုံခြုံရေးအတွက် နယ်ခြားစောင့်တပ်အဖြစ် နယ်စပ်လုံခြုံရေး ကာကွယ်ရေးဆိုင်ရာကိစ္စများကို ထိထိရောက်ရောက် ပိုမိုဆောင်ရွက်သွားနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

တောတွင်း၌ ကျန်ရှိနေသေးသော မိမိတို့တိုင်းရင်းသား သွေးချင်းညီအစ်ကိုများကိုလည်း ကိုလိုနီနယ်ချဲ့ လက်သစ်များနှင့် ပြည်ပြေးနိုင်ငံရေးသမား၊ သစ္စာဖောက်များ၏ မစားရဝခမန်း စည်းရုံးမြှောက်ပင့်၊ သွေးခွဲသပ်လျှိုနေခြင်းတို့ကို နားမယောင်ဘဲ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အေးမြသည့်ရင်ခွင်တွင် လာရောက်ခိုလှုံပြီး ကရင်ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံး၏အကျိုးကို ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းသယ်ပိုး ထမ်းဆောင်ကြပါစို့ဟုလည်း ဖိတ်ခေါ်အပ်ပါကြောင်း၊ မကြာမီတွင် နိုင်ငံတော်အတွက် တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲကြီးကို (၇-၁၁-၂၀၁၀)တွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဘားအံမြို့တွင်လည်း အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကြိုဆိုထောက်ခံပွဲကို (၉-၁၀-၂၀၀၇)တွင် ကျင်းပနိုင်ခဲ့ပြီး ရရှိခဲ့သည့်ရလဒ်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ဆန္ဒခံယူပွဲ ကျင်းပခဲ့သည့် နေရာတွင် တစ်နိုင်ငံလုံးက (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ကြသည့်အတွက် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်မျှတန်ဖိုးထားခဲ့သည်ဆိုသည်ကို တွေ့မြင်နိုင်ပါကြောင်း။

မြန်မာ့သမိုင်းတွင် ပါတီနိုင်ငံရေးသမားလက်ထဲကို နိုင်ငံဦးဆောင်မှုတာဝန်များ အပ်ခဲ့စဉ်က မိမိအာဏာရရှိရေးနှင့် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုများကြောင့် အမျိုးသားအကျိုးစီးပွား လမ်းကြောင်းမှ သွေဖည်လွဲချော်သွားသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် အမျိုးသားနိုင်ငံရေးသမားများ၊ ကျွမ်းကျင်သူ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အမျိုးသားအင်အားစုများဖြစ်သည့် တပ်မတော်သားများက အပြန်အလှန် ထိန်းညှိဆောင်ရွက်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် မိမိတို့ ဒီကေဘီအေတပ်ဖွဲ့ဝင်များကိုလည်း နယ်စပ်ဒေသများ ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ စေတနာ၊ မေတ္တာတရားတို့ဖြင့် ရဲဘော်ရဲဘက်စိတ်ထားရှိပြီး ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် နယ်ခြားစောင့်တပ်များအဖြစ် ဖွဲ့စည်းပေးခဲ့သည်ကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်က နယ်ခြားစောင့်တပ်များကို တပ်မတော်သားများနည်းတူ လစာ၊ ရိက္ခာ၊ နေစရာစသည်ဖြင့် ထုတ်ပေးထောက်ပံ့သကဲ့သို့ နယ်ခြားစောင့်တပ်များတွင် မပါဝင်သည့် အသက်အရွယ်ကြီးသူများ၊ ထိခိုက်ဒဏ်ရာရရှိပြီး မသန်စွမ်းဖြစ်နေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ ဒီကေဘီအေ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များမှ နယ်ခြားစောင့်အသွင် ကူးပြောင်းထမ်းဆောင်သွားကြသည့် တပ်ဖွဲ့ဝင်များကလည်း တပ်မတော်နှင့် လက်တွဲပြီး နယ်ခြားဒေသများကို အပြည့်အဝ လုံခြုံမှုရှိအောင် သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်သွားကြမည်ဖြစ်သကဲ့သို့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်အဖြစ် မပါဝင်သည့် အသက်အရွယ်ကြီးသူများကလည်း နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ဦးလည်မသုန် ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုဖွင့်လှစ်သော နယ်ခြားစောင့်တပ်များအတွက် ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများကိုယ်စား တပ်မှူးတစ်ဦးက လက်ခံသည်။ ဆက်လက်၍တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံ ဒုံးအဖွဲ့များမှ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရအလှများနှင့် ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းတို့ကို သံပြိုင်သီဆို၍တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များ ဖြစ်ကြသော ကွမ်ဘီကျေးရွာ ကရင်ဒုံးယိမ်းအဖွဲ့၊ ထုံးအိုင်တိုင်းရင်းသား မွန်အကအဖွဲ့၊ နောင်ကမြိုင်ကျေးရွာ ကရင်ဒုံးယိမ်းအဖွဲ့၊ မြိုင်ကလေး ပအိုဝ်းအကအဖွဲ့၊ နောင်တလုံကျေးရွာ ကရင်ဒုံးယိမ်းအဖွဲ့၊ လျာကမြိုင်ကျေးရွာ ကရင်ဒုံးယိမ်းအဖွဲ့၊ မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့နှင့် ဒိုင်းပြကျေးရွာ ကရင်ဒုံးယိမ်းအဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် မင်္ဂလာမုခ်ဦးအနီးရှိ သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နယ်ခြားစောင့်တပ် ဖွဲ့စည်းရာတွင် မပါဝင်သူများနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲကို မြိုင်ကြီးငူဒေသ သစ္စာလင်းမြိုင်ခန်းမ၌ ကျင်းပခဲ့ပြီး ဆက်လက်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြတ်ပန်းဝတ်မှုံခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့်

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သစ်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအန

ကောဘီအေတပ်ဖွဲ့ဝင်များကိုလည်း
၁ာက်စိတ်ထားရှိပြီး ဖွဲ့စည်းပေးခဲ့
ခဲ့သည်ကို အထူးကျေးဇူးတင်ရှိ

ာများ၌
ည်။
ချုပ်ကြီး
ဒေသခံ
းသည်
င့်အတူ
ယ်ခြား
းအနား
တ်တမ်း

င့်တပ်
များနှင့်
က်ပွဲ့ငွေ
ဒုတိယ
ာက်၍
ရင်းရင်း

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲကို မြိုင်ကြီးငူဒေသ သစ္စာလင်းမြိုင်ခန်းမ၌ ကျင်းပခဲ့ပြီး ဆက်လက်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြတ်ပန်းဝတ်မှုံခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တရားဝင် လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိကြတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေး အတွက် လည်းကောင်း မိမိဒေသ၊ မိမိနယ်မြေ၌ ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဒီကေဘီအေ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များမှ နယ်ခြားစောင့်အသွင် ကူးပြောင်းထမ်းဆောင် သွားကြသည့် တပ်ဖွဲ့ဝင်များကလည်း တပ်မတော်နှင့်လက်တွဲပြီး နယ်ခြားဒေသများကို အပြည့်အဝ လုံခြုံမှုရှိအောင် သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်သွားကြမည်ဖြစ်သကဲ့သို့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်အဖြစ် မပါဝင်သည့် အသက်အရွယ်ကြီးသူများကလည်း နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ဦးလည်မသုန် ထမ်းဆောင်သွားမည်ဖြစ်။

ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ၊ ကရင်၊ မွန်၊ ပအိုဝ်းတိုင်းရင်းသူများနှင့် ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအဆောက်အအုံသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဩဂုတ် ၁၈

တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ခွဲစိတ်ခန်းအဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဆောက်အအုံသစ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အလှူငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးသည် တာချီလိတ်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများ၏ သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာချီလိတ်-မိုင်းဆတ်ကားလမ်းအခြေအနေနှင့် ကားလမ်း ဝဲ၊ယာတစ်လျှောက် နှစ်ရှည်ရော်ဘာပင်များနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းဆတ်မြို့ တပ်မတော်ဆေးရုံခုတင်(၁၀၀)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနံချောင်းမြို့ သောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုများ ကွင်းဆင်းစစ်ဆေး

ရေနံချောင်း ဩဂုတ် ၁၈

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေစက်ရုံနှင့် ပန့်များ ကြံ့ခိုင်မှု၊ ရေစိမ့်တွင်းများမှ ရေများစုပ်ယူ၍ ဂါလန်တစ်သန်းဆံ့ ရေကန်သို့ ပိုက်လိုင်းများဖြင့် ရေတင်နေမှုကို ဇူလိုင် ၃၁ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့က လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

၂၀၁၀ ခုနှစ် အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

၂၀၁၀ ခုနှစ် အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အသက် (၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောဝင်းသောင်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အမှုဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသော မန္တလေးတိုင်း အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလက်ခံပြီး အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်ကစား

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့်မန္တလေးတိုင်းအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိ နေ့စဉ် နံနက် ၉နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အထက(၂)လသာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမအကြိမ် မိဘဆရာအသင်း အစည်းအဝေးကို ဩဂုတ် ၁၄ ရက်က မြည်လာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော် အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

သန်လျင်မြို့ မြို့မလမ်းနေ တိုင်းရင်းသမားတော်ကြီး ဆရာဦးကြီးရင်၏ အသက်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် မြို့မသုခဆေးတိုက် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးသန်းလှ လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

ဩဂုတ် ၁၄ ရက်က အထက (၁) လှိုင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မောင်သာထူးဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ် ဂုဏ်ပြုဆုအဖြစ် ရွှေလက်စွပ်ချီးမြှင့်စဉ်။

(ပညာရေး)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အသည်းရောင်အသားဝါ(ဘီ)ဆေးခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့သည် ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၌ ဖွင့်လှစ်ထားသည့် အသည်းရောင်အသားဝါ(ဘီ)ဆေးခန်း၊ သားအိမ်ခေါင်းကင်ဆာရောဂါရှာဖွေရေးဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့တော်ဝန်က ဝန်ထမ်းနှင့် မိသားစုများအတွက် ဆေးစိမ်ခြင်ထောင် ဆေးရည်များကို လှူဒါန်းရာ ဒုတိယဝန်ကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် နံနက် ၉နာရီကလည်း ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံပြီး လူနာများအား ပြုစုကုသမှုပေးရာတွင် မိမိ၏ မိသားစုကဲ့သို့ စာနာထောက်ထား၍ နွေးထွေးပျူငှာစွာ ဆက်ဆံပြောဆိုကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန် ဦးအောင်သိန်းလင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအတွက် ဆေးစိမ်ခြင်ထောင် ဆေးရည်များကို ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - ပျား၏ ထုံးနှင့်ခြပုံးပမာ
၇း၃၀	၄။	ခမ္မပူဇာတေး
၇း၃၅	၅။	မျိုးချစ်တပ်မတော်
၇း၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၄၀)
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၄၂)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၆)**
	၂၃။	ဂီတရင်ခုန်သံ
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သတ်မှတ်နေရာများ၌ စတင်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ခခ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန - တစ်ဂိုး

(ဇော်မင်းဦး)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ခခ)

အလုပ်သမားဝန်ကြီးဌာန - နှစ်ဂိုး

(ဝင်းဇော်နှင့် စိုးလင်းသူ)

သတ္တုတွင်း ဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသီဟကျော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၉-၈-၂၀၁၀ ရက်

နေပြည်တော်အားကစားကွင်းအုပ်စု (ဂဂ)

အားကစားနှင့် သမဝါယမ

၁၉-၈-၂၀၁၀ ရက်

ပေါင်းလောင်းအားကစားကွင်းအုပ်စု (ဂဂ)

လူမှုဝန်ထမ်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း

(၁၀၇)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးသိန်းမြင့်က Using Myanmar Standards on Audit of Small and Medium Sized Entities ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(ကြေးမုံ)

အထက်မြန်မာပြည် တက္ကသိုလ်/ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် မန္တလေးတက္ကသိုလ် အားကစားရုံ (Open Shed)၌ ကျင်းပရာ ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းအား ပြိုင်ပွဲဝင်တက္ကသိုလ် ၁၃ ခုမှ အားကစားသမားများက အလေးပြုကြသည်။ ထို့နောက် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲများကို စတင်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၈ ဦးနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၂ သင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲမှ လက်ရွေးစင် အားကစားသမားခြောက်ဦးအား ရွေးချယ်၍ ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့၌ အောက်မြန်မာပြည်တက္ကသိုလ်များ လက်ရွေးစင်အသင်းနှင့် ပြိုင်ပွဲများ ကျင်းပပြီး မြန်မာနိုင်ငံ တက္ကသိုလ်များ လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားသမားများအား ရွေးချယ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှူးယစ်ကင်းစင် အောင်ပွဲဆင်

ဆရာကြီး ဦးသန်းဖေ (ညော့လမ်းညွှန်)၏ မသိမဖြစ်သိထားသင့်သော စကားပြောပုံစံများစာအုပ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံခြားသွားမည့်သူများ၊ ညော့လမ်းညွှန်ဖြစ်လိုသူများနှင့် အင်္ဂလိပ်စကားပြောကို တကယ်တမ်းတတ်ကျွမ်းလိုသူများအတွက် ဆရာကြီးဦးသန်းဖေ(ညော့လမ်းညွှန်)၏ မသိမဖြစ် သိထားသင့်သော စကားပြောပုံစံများ (Essential English Dialogues) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။**(ယာပုံ)**

ယင်းစာအုပ်တွင် နေ့စဉ်သုံး အင်္ဂလိပ်စကားပြောများ၊ ဝါသနာဆိုင်ရာ ဝေါဟာရ၊ ဝါကျများ၊ ဌာနဆိုင်ရာလုပ်ငန်းသုံး ဝေါဟာရ၊ ဝါကျများ၊ မိသားစုအတွင်း၊ သူငယ်ချင်းအချင်းချင်း အာလာပသလ္လာပပြောဆိုဟန်များ၊ ခင်မင်စွာ၊ ရင်းနှီးစွာ ပြောဆိုဟန်များနှင့်အတူ ငြင်းခုံဟန်၊ အထေ့အငေါ့ဟန်များ စသည်ဖြင့် စကားပြောပုံစံအမျိုးမျိုးကို ထူးခြားစွာတင်ပြထားသည်။

အဆိုပါစာအုပ်ကို ဆုစာပေတိုက် အမှတ် (၁၉၈) ၃၉ လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၆၂၂ က ထုတ်ဝေဖြန့်ချိလိုက် ကြောင်းသိရသည်။ (သတင်းစဉ်)

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ကြွက်ကျရောက်မှုကြောင့် ပျက်စီးခဲ့သည့် မိုးသီးနှံစိုက်ခင်းများအား နိုင်ငံတော်အစီအစဉ်ဖြင့် အစားထိုးပြန်လည်စိုက်ပျိုးပြီးစီး

နေပြည်တော် ဩဂုတ် ၁၈

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးသီးနှံစိုက်ခင်းများတွင် ကြွက်ကျရောက်မှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများက ကြွက်ကျရောက်မှုကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးစသည့် ပညာပေးဆွေးနွေးခြင်း၊ ကြွက်သတ်ဆေးဖြန့်ဝေခြင်းနှင့် သီးနှံအစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

မင်းတပ်မြို့နယ်၌ မိုးသီးနှံများ ကြွက်ကျရောက်ဖျက်ဆီးခံရပြီးနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ချင်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မင်းတပ်မြို့နယ်မန်နေဂျာ ဦးဆောင်၍ မြို့နယ်မြေစာရင်းမှူး၊ သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဇွန် ၁၅ ရက်မှ ၂၄ ရက် အထိ ကျေးရွာအုပ်စုပေါင်း ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၆၃ ရွာသို့ ကွင်းဆင်းစစ်ဆေးပြီး ပျက်စီးခဲ့သည့် သီးနှံ ၃၈၇ ဒသမ ၄၃ ဧက၌ သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် တောင်ယာစပါး ၂၉၇ ဒသမ ၄၃ ဧက ၊ ဆပ် ဧက ၉၀ စုစုပေါင်း ၃၈၇ ဒသမ ၄၃ ဧက အစားထိုး စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ထို့ပြင် ကြွက်ကျရောက်ခဲ့သည့် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာ ၆၃ ရွာရှိ တောင်သူ ၅၇၈ ဦးနှင့် ဆယ်လယ်မှူး ၅၈ ဦးတို့အား ကြွက်ကျရောက်မှုအပေါ် ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်း၊ ထောင်ခြောက်ဖြင့် ဖမ်းဆီးခြင်းလုပ်ငန်း များကို ပညာပေးပြသဆွေးနွေးကာ ကြွက်သတ်ဆေး ၃၂၅ ဘူး ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်းတွင် ဩဂုတ် ၁၇ ရက်အထိ မိုးစပါး ၃၅၂၃၀၈၁ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုမည်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၂ ဒသမ ၇၆ လက်မ၊ နေပြည်တော် (ပို့ဆောင်ရေးဝန်ကြီးရုံး)တွင် သုည ဒသမ ဝ၆ လက်မ၊ နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်တပ်ကုန်းတို့တွင် သုည ဒသမ ၇၉ လက်မစီ၊ ကန့်ဘလူမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ပြည်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ သပိတ်ကျင်းမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၃၉လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မြင်းခြံမြို့တွင် သုည ဒသမ ၇၇ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၅၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၁၉ ရက် ညနေထိခန့်မှန်းချက် ॥ ॥ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အရွယ်မရောက်သေးသူ မောင်ကောင်းမြတ်တင့်၏အမည်ပေါက်ပစ္စည်းအား ရောင်းချခွင့်အတွက် အုပ်ထိန်းသူလူကြီးနှင့် အုပ်ထိန်းခြင်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ(၂၉)အရ ရောင်းချခွင့်ပြုပါရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး

၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၉၃

ဒေါ်ခင်မာမြင့် (ခ)ဒေါ်ခင်မိမိ

အမှတ်-၃၄၊ မြေနုလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ **လျှောက်ထားသူ**

စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

အရွယ်မရောက်သေးသူမောင်ကောင်းမြတ်တင့်၏ပစ္စည်းနှင့် ပတ်သက်သော အမှုအရေးအတွက် သက်ဆိုင်သူများ သိစေလိုက်သည်-

အထက်အမည်ပါ လျှောက်ထားသူက အရွယ်မရောက်သေးသူမောင်ကောင်းမြတ်တင့်၏ ကိုယ်နှင့်ပစ္စည်း အုပ်ထိန်းခွင့် လျှောက်ထားခဲ့ရာ ၉-၈-၂၀၁၀ ရက်နေ့က အုပ်ထိန်းခွင့် သက်သေခံလက်မှတ်စာ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူမှ အရွယ်မရောက်သေးသူ မောင်ကောင်းမြတ်တင့်၏ အမည်ပေါက်ပစ္စည်း ရောင်းချခွင့်အတွက် အုပ်ထိန်းသူလူကြီးနှင့် အုပ်ထိန်းခြင်းခံရသူ လူငယ်တို့ အက်ဥပဒေပုဒ်မ (၂၉) အရ ရောင်းချခွင့်ပြုပါရန် လျှောက်ထားလာရာ ၎င်းလျှောက်ထားချက်ကို ၂၀၁၀ခုနှစ်၊ ဩဂုတ်လ(၃၁)ရက် (၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ရက်)နံနက် ၁၀ နာရီတွင် ကြားနာစစ်ဆေးရန်ချိန်းဆိုထားကြောင်းနှင့် အရွယ်မရောက်သေးသူ မောင်ကောင်းမြတ်တင့်၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူမည်သူမဆို အထက်ဖော်ပြပါရုံးချိန်းရက်၌ ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း

တွဲဖက်တိုင်းတရားသူကြီး(၆) ရန်ကုန်တိုင်းတရားရုံး

သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယို ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

မန္တလေး ဩဂုတ် ၁၈

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)မှ သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုစုံ ထုတ်လုပ်မှု နည်းပညာသင်တန်း (၃၃/၇-၂၀၁၀)ဆင်းပွဲကို ဇူလိုင် ၂၁ ရက်က ၈၃ လမ်း သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဌေးလွင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြရုံးချုပ် ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဇံက သင်တန်းဆုချီးမြှင့်ရခြင်းကို ရှင်းလင်းပြောကြားပြီး သင်တန်းထူးချွန်ဆုရသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ **(အောက်ပုံ)** ထို့နောက် သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲသို့ အိမ်တွင်းစက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်သန်း၊ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့် ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၆ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (၃၈၇)

ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၁၈

ပြင်ဦးလွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် ညနေ ၃နာရီက ပြင်ဦးလွင်ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင် အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)** ထို့နောက် ပထမနေ့ပွဲစဉ်တွင် ရပ်ကွက်ကြီး (၃)အသင်းနှင့် ရပ်ကွက်ကြီး (၂၁) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝင့်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာ ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ခရိုင်ပြန်/ဆက်)

မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေး နွားထိုးကြီး၌ ညှိနှိုင်းစည်းဝေး

နွားထိုးကြီး ဩဂုတ် ၁၈

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ ရက်သတ္တပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ရက်က မြို့နယ်စုပေါင်းရုံး၌ ကျင်းပရာ မြင်းခြံခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်မျိုး၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် မိုးစပါးဧက သုံးသောင်းကျော် လျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် အချိန်မီပျိုးထောင်ရေး၊ ရှေ့တန်းစခန်းအလိုက် စိုက်ကြပ်ကော်မတီဝင်များ ကွင်းဆင်းရေး၊ မိုးဦးသီးနှံအခြေအနေများကို ညှိနှိုင်းကြကြောင်း သိရသည်။

(နွားထိုးကြီးစာနယ်ဇင်း)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၃) သဇင်လမ်း ဒဂုံရိပ်မွန်အိမ်ရာနေ (ကိုသိန်းမင်းသံဆိုင်) ဦးသိန်းမင်း-ဒေါ်ခင်ခင်ဝင်း၊ သမီး မသက်နှင်းဆုပြည့်၏ (၁၀)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၂၀၁၀ ပညာသင်နှစ် မိုးရာသီမူလတန်းအဆင့် ဘောလုံးပြိုင်ပွဲဖွင့်

ဇီးကုန်း ဩဂုတ် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ် ၂၀၁၀ခုနှစ်ပညာသင်နှစ် မိုးရာသီ အခြေခံပညာမူလတန်းအဆင့် မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဩဂုတ် ၄ရက် နံနက် ၉ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ကွင်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဆွေဆွေလှဲက ကွင်းဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစံမောင်က ဘောလုံးကန်၍ ကွင်းဖွင့်လှစ်ပေးပြီး ဇီးကုန်းမြို့နယ်အတွင်း နယ်မြေခြောက်ခုမှ မူလတန်းအဆင့် ဘောလုံးအသင်း ခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။ (၂၈၉)

စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ကသာမြို့နယ် လမ်းခွကျေးရွာ၌ ဆွေးနွေး

ကသာ ဩဂုတ် ၁၈

ကသာခရိုင် ကသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်သိန်းလွင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁ရက်က လမ်းခွကျေးရွာအုပ်စု လမ်းခွကျေးရွာ၊ ပင်းမလွတ်ကျေးရွာ၊ နတ်ရေတွင်းကျေးရွာတို့၌ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးက လမ်းခွကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပင်းမလွတ်ကျေးရွာ၊ နတ်ရေတွင်းကျေးရွာ စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေးနှင့် စာကြည့်တိုက်များ ပိုမိုရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားရာ စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေး ပြန်လည်ဆွေးနွေးတင်ပြကြသည်။

(မြို့နယ်ပြန်/ဆက်)

အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ဗဟန်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် မိခင်များ၏ အာဟာရအုပ်စုနှင့်ပြည့်စုံသော အစားအစာများချက်ပြုတ်မှုပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမဆုရရှိသော စတုတ္ထတန်း ကိုယ်စားပြု မိခင်များအဖွဲ့အား ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အထက (၁) ရန်ကင်း (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

အထက(၁) ရန်ကင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၁၉၆၂-၁၉၈၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝနှင့် ရပ်တည်နေကြသော ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ်မပျက် (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဇေယျကို(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း- ၀၉-၅၂၀၀၂၀၀၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၁-၇၃၀၃၇၉၆၃၊ ဦးစိုးမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၆၃၈၈၉၊ ဦးခင်မောင်လှိုင်(ဘဏ္ဍာရေးမှူး) ဖုန်း ၀၁-၇၃၀၄၁၆၄၉၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၆၃၀၀၃၃၊ ကျောင်းအုပ်ကြီး အထက(၁) ရန်ကင်း ဖုန်း-၀၁-၅၅၇၅၀၆သို့ ဆက်သွယ်စုံစမ်းပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဖြန့်ဝေပေးခဲ့သည့် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၁ ရက်က ပေါင်မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာတိုင်းရင်းဆေးသေတ္တာ တာဝန်ခံတစ်ဦးအား ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်က အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်စဉ်။ (၅၆၅)

ကြေးမုံ
The Mirror
မြို့နယ်သတင်းများ

ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာ စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ဂန့်ဂေါ ဩဂုတ် ၁၈

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာ မိုးဆန်းပန်းစာကြည့်တိုက်သို့ စေတနာရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ဇူလိုင် ၂၅ ရက်တွင် လာရောက်လှူဒါန်းကြရာ ဆေးမင်းတောကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ သိန်းနိုင်က ငွေကျပ် ၆၈၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၃၄၀ နှင့် ဆေးမင်းတောကျေးရွာမှ ဦးဝင်းနိုင်က ငွေကျပ် ၁၁၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၂၃ အုပ်၊ ဘဒ္ဒန္တပညာဒီပက ငွေကျပ် ၅၀၀၀၀၊ ကျောက်စာရေးကျေးရွာ ကျောင်းဆရာတော် ဘဒ္ဒန္တကဝိသာရက ငွေကျပ် ၅၀၀၀၊ ဆေးမင်းတော အထက (ခွဲ) မှ ဆရာ၊ ဆရာမများက ငွေကျပ် ၁၅၀၀၀၊ အင်းနားရွာမှ ဒေါ်ဥမ္မာညိုက ငွေကျပ် ၁၅၀၀၀၊ ဂန့်ဂေါမြို့ မြို့မဈေးမှ ဦးဘိုချိတ်နှင့် ဇနီးဒေါ်ခင်မြင့်ဝေတို့က ငွေကျပ် ၁၀၀၀၀ အပါအဝင် စေတနာရှင် ကိုးဦးတို့က ငွေကျပ်၁၂၆၀၀၀ အား စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်ထံသို့ လာရောက် လှူဒါန်းကြကြောင်း သိရသည်။ (၄၆၅)

ဇူလိုင် ၂ ရက်က ကောလင်းမြို့မ ဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မြေအောက်ရေကန်များ၊ ရေစင်များတွင် ရေသိုလှောင်ထားရှိမှု၊ မီးသတ်ငုတ်များ နှင့် မီးသတ်ရေပိုက်၊ အပေါ့စားမီးစက်များ ထားရှိမှု၊ ရေဂါလန် နှစ်သိန်းဆံ့ ကာလာမရေကန်မှ အင်ဂျင်ဖြင့် ရေတွန်းတင်စက်များ၊ လုံခြုံရေးမီးလိုင်းနှင့် ဆိုင်ခန်းသုံး မီးလိုင်းများ၏ မိန်းခလုတ်များ စနစ်တကျ တပ်ဆင်ထားရှိမှုတို့ကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် နတ်ကန်အနောက်ကျေးရွာ ရွှေမင်းစံ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဝမ်းတွင်း ဩဂုတ် ၁၈

ဝမ်းတွင်းမြို့နယ် နတ်ကန်အနောက်ရွာ ရွှေမင်းစံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းမောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်တို့က ရွှေမင်းစံစာကြည့်တိုက်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖ ဦးမောင်မောင်ဦးက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ စာချနာယက ဆရာတော် ဦးစံသီရိက သုတရသစာအုပ် ၂၂၀၊ ပျော်ဘွယ်မြို့ မှန်ကင်းကျောင်းတိုက်နေ ဆရာတော် ဦးဩဘာသက သုတရသစာအုပ် ၁၇၀၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က စာအုပ်စာစောင် ၁၅၀၊ မြို့နယ်ဦးစီးမှူးဦးဝင်းမောင်က စာအုပ်စာစောင် ၅၀၊ မြို့မိ မြို့ဖ ဦးမောင်မောင်ဦးက စာအုပ်စာစောင် ၁၀၀၊ ဦးဌေးလွင်က မြန်မာ့အလင်းသတင်းစာတစ်နှစ်စာအတွက် ငွေကျပ်၂၄၀၀၀၊ ဦးထွန်းဝင်းက ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာအတွက် ငွေကျပ်၄၈၀၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖ ဦးသောင်းဝေက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်များ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၁/၂၀၁၀) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၉၁/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်)

လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၃-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၈၉/၂၀၁၀) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။ ထို့အပြင် ၁၃-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၀/၂၀၁၀) ဖြင့် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင် တင်သွင်းနိုင်သည့် နေ့ရက်နှင့် အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက်များကို လည်းကောင်း၊ အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်ကို လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည်လည်းကောင်း မိမိတို့လွှတ်တော် ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးကို ရှေးရှုလျက် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုအား ဟောပြော၊ ရေးသားတင်ပြ မဲဆွယ်စည်းရုံးလိုပါက ဤကြေညာချက်ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ကြရန် ဖြစ်သည်။

ဆောင်ရွက်ရန်နည်းလမ်းများ

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း၊

(ခ) ရေးသားပုံနှိပ် ထုတ်ဝေတင်ပြခြင်း။

စုဝေးခွင့်နှင့် ဟောပြောခွင့်လျှောက်ထားခြင်း

၄။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်-

(က) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑